## မြန်မာနိုင်ငံကျမ်းစာအသင်း

# ဖွဲ့စည်းတည်ဆောက်ပုံ

မြန်မာနိုင်ငံကျမ်းစာအသင်း၏ သင်းလုံးကျွတ်အစည်းအဝေးကို နှစ်နှစ်တစ်ကြိမ်ကျင်းပပါသည်။ အသင်း၏စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အမှုဆောင်အဖွဲ့များတို့ကိုဖွဲ့စည်းထားရာ စီမံအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင် (၂၃) ဦးရှိပြီး၊ ပုံမှန်အားဖြင့်တစ်နှစ် (၂) ကြိမ် အစည်းအဝေးပြုလုပ်ပါသည်။ အမှုဆောင်အဖွဲ့တွင်အဖွဲ့ဝင် (၁၅) ဦးရှိပြီး၊ တစ်နှစ် (၄) ကြိမ်အစည်းအဝေးပြုလုပ်ပါသည်။ စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်အမှုဆောင်အဖွဲ့တွင်ပါဝင်ကြသောပုဂ္ဂိုလ်များသည် အဖွဲ့ဝင်ဂိုဏ်းဂနအသင်းတော်များ၏အဓိကတာဝန်ရှိသော ဂိုဏ်းဂနအကြီးအကဲများနှင့်ခေါင်းဆောင်ကြီးများဖြစ်ကြပါသည်။ စီမံအုပ်ချုပ်ရေးအဖွဲ့တွင် အသင်း၏အမှုတော်လုပ်ငန်းဝါရင့်အတွေ့အကြုံရှိသူတစ်ဦး၊ ဥပဒေပညာရှင်တစ်ဦးနှင့်လုပ်ငန်းကျွမ်းကျင်သူပုဂ္ဂိုလ်တစ်ဦးတို့ကို တိုးချဲ့အဖွဲ့ဝင်များအဖြစ်ရွေးချယ်ခန့်ထားပါသည်။

# မြန်မာနိုင်ငံကျမ်းစာအသင်း၏အရာရှိများ

မြန်မာနိုင်ငံကျမ်းစာအသင်း၏ (၃၅) ကြိမ်မြောက်သင်းလုံးကျွတ်အစည်းအဝေးကို၂၀၀၉ခုနှစ်၊ မတ်လ (၆) ရက်နေ့တွင် မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်ရုံး၊ ကူရှင်ခန်းမ၌အောင်မြင်စွာကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးတွင် ၂၀၀၉-၂၀၁၀ သက်တမ်းအတွက်အောက်ပါအရာရှိကြီးများကိုရွေးချယ်ခန့်အပ်ခဲ့ပါသည်။

- ဥက္ကဋ္ဌ - သိက္ခာတော်ရဒေါက်တာစောရွှေ (မက်သဒစ်အသင်းတော်-အောက်မြန်မာပြည်)
- ဒု-ဥက္ကဋ္ဌ - သိက္ခာတော်ရဆရာမဒေါ်နီနီဆွေ (ဝေဲဂေလိအသင်းတော်)
- အကျိုးဆောင်ဘဏ္ဍာထိန်း - သိက္ခာတော်ရဆရာစောခရီးနာ (နှစ်ခြင်း)

ဤသင်းလုံးကျွတ်အစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံပြီးလိုအပ်သော ပံ့ပိုးမှုများတို့ကိုပေးခဲ့သည့် မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်အား အထူးကျေးဇူးတင်ရှိပါကြောင်းဖော်ပြမှတ်တမ်းတင်အပ်ပါသည်။

# အထွေထွေအတွင်းရေးမှူးသစ်ခန့်ထားခြင်း

မြန်မာနိုင်ငံကျမ်းစာအသင်း၏ (၃၅) ကြိမ်မြောက်သင်းလုံးကျွတ်အစည်းအဝေးတွင် လက်ရှိဘာသာပြန်ဆိုရေးအရာရှိသိက္ခာတော်ရဆရာ ခွေလမ်းထန်အားအထွေထွေအတွင်းရေးမှူးအသစ် အဖြစ်ခန့်အပ်ခဲ့ပါသည်။ သူသည် ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍အထွေထွေအတွင်းရေးမှူးတာဝန်ကိုစတင်ထမ်းဆောင်မည်ဖြစ်သည်။ ယခုတွင် လက်ရှိအထွေထွေအတွင်းရေးမှူးနှင့်အနီးကပ်လက်တွဲကာတာဝန်ထမ်းဆောင်လျက်ရှိသည့်အပြင်၊ ကမ္ဘာ့ကျမ်းစာအသင်းများအဖွဲ့ (UBS) ၏အစီအစဉ်ဖြင့်စီမံခန့်ခွဲမှုသင်တန်းများတက်ရောက်ရန်ပြင်ဆင်နေပါသည်။